**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၉၀ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

( ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် )

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသည့်လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အာရှ-ပစိဖိတ် ပူးတွဲအဖွဲ့သို့ (၄) လ လျှင် တစ်ကြိမ် တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံ (Action Plan) များအနက် ဆောင်ရွက်ရန်ကျန်ရှိသည့် အချက်များအား သတ်မှတ်ကာလအတွင်းပြီးစီးစေရန်နှင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ **“ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်ဝင်းသိန်း<br>အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး
ဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

(ဋ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငွေကြေးမူဝါဒရေးရာနှင့်ဘဏ်လုပ်ငန်းဥပဒေ
စည်းမျဉ်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ထ) ဌာနကြီးမှူး အဖွဲ့ဝင်
နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ပြည်ထဲရေးဝန်ကြီးဌာန

(ဒ) ဌာနကြီးမှူး အဖွဲ့ဝင်
ဥပဒေရေးရာနှင့်မှုခင်းဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်
ပြည်ထဲရေးဝန်ကြီးဌာန

(ဓ) တပ်ဖွဲ့မှူး အဖွဲ့ဝင်
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(န) တပ်ဖွဲ့မှူး အတွင်းရေးမှူး
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ မူဝါဒနှင့်လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ခ) အာရှ-ပစိဖိတ်ပူးပေါင်းအဖွဲ့သို့ (၄) လလျှင် တစ်ကြိမ် တင်ပြရသည့် တိုးတက်မှု အစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံ (Action Plan) (၁၁) ချက်အနက် အချက် (၄) ချက်အား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယပတ်တွင် လည်းကောင်း၊ အချက် (၃) ချက်အား ၂၀၂၃ ခုနှစ်၊ ဧပြီလကုန်တွင် လည်းကောင်း၊ ကျန်ရှိသည့် အချက် (၄) ချက်အား ၂၀၂၃ ခုနှစ်၊ ဇူလိုင်လကုန်တွင် လည်းကောင်း အပြီးအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

(ဂ) သက်ဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ရမည့်ဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် (၁) ပတ်လျှင် နှစ်ကြိမ် အစည်းအဝေးများပြုလုပ်၍ စောင့်ကြပ်ကြည့်ရှုပြီး တိုးတက်မှု အခြေအနေကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ တင်ပြရန်၊

(ဃ) လက်ငင်းရလဒ်အလိုက်နှင့် အကောင်အထည်ဖော်သည့်ဌာန၊ အဖွဲ့အစည်းအလိုက် တိုးတက်ဆောင်ရွက်နိုင်မှုအခြေအနေကို (၂) ပတ် လျှင် တစ်ကြိမ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြရန်၊

(င) သတ်မှတ်အချိန်အတွင်း ပြီးစီးနိုင်ဖွယ်မရှိသည့် ဌာန၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့်ကိစ္စရပ်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး